(၁၃) ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၅-၉-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၉
(၁၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ၅-၁၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၉
(၁၅) ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၄-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၀

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ | အဖွဲ့ဝင် |
| (ထ) | မြို့တော်ဝန်<br>ရန်ကုန်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဒ) | မြို့တော်ဝန်<br>မန္တလေးစည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုအလုပ်သမား<br>သမဂ္ဂများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့်<br>စားသောက်ကုန်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (မ) | ဒုတိယဝန်ကြီး (အလုပ်သမားရေးရာဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ယ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန်လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊

(ခ) စီမံကိန်းရည်မှန်းချက်များကိုဆောင်ရွက်ရာတွင် အရေးကြီးသောလုပ်ငန်းများအား မူဝါဒချမှတ်ပေးခြင်း၊ အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်း၊

(ဂ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(ဃ) လုပ်ငန်းကော်မတီများ၏ဆောင်ရွက်ချက်များအပေါ် (၆) လ တစ်ကြိမ်ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊

(င) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးကော်မတီများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(စ) ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များအတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်ပအဖွဲ့အစည်းအလှူရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းသည့်ငွေကြေး၊ ပစ္စည်းဥစ္စာနှင့် နည်းပညာများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဇ) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်တစ်ကြိမ်အစီရင်ခံတင်ပြခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

## အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| (၂) | ဦးကြည် | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဝန်ထမ်းများ ပြည်ပနိုင်ငံများသို့ ပညာတော်သင် စေလွှတ်ရာတွင် စနစ်တကျ စိစစ်ရွေးချယ်စေလွှတ်နိုင်ရေးအတွက် **နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီကို** အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဍ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ **လုပ်ငန်းတာဝန်။** နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးက နိုင်ငံခြားပညာသင်စေလွှတ်ခြင်းကိစ္စများကို စိစစ်ရွေးချယ်ပေးရန်၊

(ခ) နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ခွဲဝေပေးသည့် ပညာသင်ဆုများဖြင့်သာ နိုင်ငံခြားပညာသင်စေလွှတ်ရန်၊

**(ဂ)** နိုင်ငံတော်က စရိတ် (နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေ) ကျခံစေလွှတ်ရမည့် ပညာသင်ကိစ္စများအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ခွင့်ပြုချက်ရရှိပြီးမှသာ ပညာသင်စေလွှတ်ရန်၊

(ဃ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီး၏ ပညာသင်စေလွှတ်မှုများကို ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်ကိုက်ညီမှုန်ကန်မှု ရှိ/မရှိ စိစစ်သုံးသပ်၍ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ** အစည်းအဝေးသို့ တစ်လတစ်ကြိမ် အစီရင်ခံတင်ပြရန်၊

(င) တပ်မတော် (ကြည်း၊ ရေ၊ လေ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စက်မှုထမ်းများအား ပြည်ပသို့ စေလွှတ်ရန်ကိစ္စ ပေါ်ပေါက်လာပါက ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိမှသာ ပြည်ပသို့စေလွှတ်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်ရန်၊

(စ) ပညာသင်ဆုစိစစ်ခွဲဝေရာတွင် ဝန်ကြီးဌာနများ မျှမျှတတဖြစ်စေရေးအတွက် ညှိနှိုင်းခွဲဝေပေးရန်၊

(ဆ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ နိုင်ငံခြားပညာသင်စေလွှတ်ရာတွင် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ စည်းကမ်းတကျ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏ အစည်းအဝေးအား လိုအပ်သလို ခေါ်ယူကျင်းပဆောင်ရွက်ရန်၊

(ဇ) ကော်မတီအဖွဲ့အနေဖြင့် စေလွှတ်ခဲ့သည့် ပညာသင်များ၏ ဘာသာရပ်ခေါင်းစဉ်များအလိုက် စုစည်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း လက်ဆင့်ကမ်းဖြန့်ဝေပို့ချခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြံပြုနှိုးဆော်ခြင်းများ ဆောင်ရွက်ရန်။

၃။ **လုပ်ပိုင်ခွင့်။** နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် နိုင်ငံခြားသို့ ပညာသင်စေလွှတ်ရာတွင် ဝန်ကြီးဌာနများ၏ လုပ်ငန်းသဘောသဘာဝနှင့် အကြောင်းအရာ၊ ဘာသာရပ်ကိုက်ညီမျှတမှု ရှိအောင် ခွဲဝေသတ်မှတ်နိုင်သည်။

(ခ) ပညာသင်စေလွှတ်ရာတွင် နိုင်ငံခြားတိုင်းပြည်မှ (Nomination) လုပ်သည့်အနေဖြင့် ၎င်းတို့ ရွေးချယ်သတ်မှတ်သည့် ပုဂ္ဂိုလ်အားစေလွှတ်ရေး အဆိုပြုလာခြင်းကို ခွင့်မပြုရန် စိစစ်ဆောင်ရွက်နိုင်သည်။

(ဂ) ကာယကံရှင်ဝန်ထမ်းကိုယ်တိုင် ပညာသင်ဆုများကို Online မှတစ်ဆင့် လျှောက်ထားပြီး ဖြေဆိုအောင်မြင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် ပညာသင်ဆုတင်ပြတောင်းခံလာသည့်အခါ ခွင့်ပြုပေးနိုင်သည်။

(ဃ) ပညာသင်ဆုများနှင့်ပတ်သက်၍ တစ်ဖက်က အပြည့်အဝကျခံပေးမည်ဆိုပါက မဟာဘွဲ့မှ ပါရဂူဘွဲ့သို့ ပြောင်းလဲတက်ရောက်ခြင်းနှင့် အရည်အချင်းပြည့်မီသဖြင့် တစ်ဖက်စရိတ်ဖြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့ ပညာသင်ဆုများရရှိပါက ပညာသင်သက်တမ်းကာလတိုးမြှင့်ခြင်း (Extension) ကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းအကြီးအမှူး၏ခွင့်ပြုချက်ဖြင့် ပေးနိုင်သည်။ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းသည် ပညာသင်သက်တမ်းကာလတိုးမြှင့်ခြင်း (Extension) ခွင့်ပြုသည့်ကိစ္စအတွက် ဤကော်မတီသို့ အသိပေးတင်ပြရမည်။

(င) နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့အတွက် အခြားသောဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးသို့ တင်ပြ၍ အတည်ပြုချက်ရယူထုတ်ပြန်နိုင်သည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးအား အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ်တာဝန်ပေးအပ်ခြင်းခံရသည့် ဦးမင်းမင်းသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ်ခံစားခွင့် ပြုလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ရုံးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ လုပ်ငန်းများ စဉ်ဆက်မပြတ် အချိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေးအတွက် **ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ရုံးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

၂။ အထက်ပါအဖွဲ့ဝင်များသည် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင် နားလည်သူများဖြစ်ရန်လိုအပ်ပြီး ယင်းအဖွဲ့ဝင် (၁) ဦးစီနှင့်အတူ ရုံးလုပ်ငန်းဆောင်ရွက်ရန်အတွက် ဦးစီးအရာရှိ (၂) ဦး၊ ကွန်ပျူတာဝန်ထမ်း (၂) ဦး (Computer၊ Printer၊ Scanner နှင့် ဆက်စပ်ပစ္စည်းများ အပါအဝင်) ဖွဲ့စည်းစေလွှတ်ပေးရမည်။

၃။ အဆိုပါ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီရုံးအဖွဲ့၏ အုပ်ချုပ်မှုနှင့် လိုအပ်သော ကုန်ကျစရိတ်အဝဝကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(ထ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဒ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(ဓ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(န) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ထောက်ခံတင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဂ) လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**စီးပွားရေးရာကော်မတီ အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် စီးပွားရေးရာကော်မတီတွင် အဖွဲ့ဝင် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး **အစား** ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့** ကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဒ) | ပါမောက္ခ (ဌာနမှူး)<br>ဓာတုအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ပါမောက္ခ (ဌာနမှူး)<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တွဲဖက်<br>အတွင်းရေးမှူး (၁) |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး (၂) |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက်သင့်သောနေရာ သတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများ အရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစား ခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၅။ ယခင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၆) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ **အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဒ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(ဓ) ဦးခင်မောင်ကျော် — အဖွဲ့ဝင်
နာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
ဒုတိယဝန်ကြီး (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

(န) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ၊ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိ ထိရောက်စွာ အသုံးချရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့်စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီဖွဲ့စည်းပေးခြင်းနှင့်လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့်အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

၃။ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။　ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အစားထိုးဖွဲ့စည်းခြင်း**

၁။　''မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ" တွင် လစ်လပ်လျက်ရှိသောကောင်စီဝင်များအစားထိုး ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါပုဂ္ဂိုလ် (၄) ဦးအား သတင်းမီဒီယာနည်းဥပဒေ ၁၆ အရ အမှတ်စဉ် (က) မှ (ဂ) အထိ လည်းကောင်း၊ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (က) အရ အမှတ်စဉ် (ဃ) အား လည်းကောင်း အစားထိုးဖွဲ့စည်းလိုက်သည်-

(က)　ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)
(ခ)　ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)
(ဂ)　ဦးခင်မောင်အေး (KMA)
(ဃ)　ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေးဆေး-မန်း)

၂။　ယင်းပုဂ္ဂိုလ်တို့၏ ကောင်စီဝင်သက်တမ်းသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က) ပါ အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအခန်း (၃)၊ ပုဒ်မ (၅)၊ ပုဒ်မခွဲ (ခ) အရ **မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) **ဗဟိုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၂) | သက်ဆိုင်ရာဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၄) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

မှတ်ချက်။ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်များအားလိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ခ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဗဟိုအဖွဲ့သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း၊

(၂) အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းအတွက် အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊အကျယ်အဝန်းနှင့်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကိုသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြခြင်း၊

(၃) ဗဟိုလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းပြီး စီမံကိန်းနှင့် အစီအစဉ်များ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(၄) အထူးစီးပွားရေးဇုန်အလိုက် လုပ်ကိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်းနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၅) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် အထူး စီးပွားရေးဇုန်အတွင်းသုံးစွဲရမည့် ငွေကြေးအမျိုးအစားသတ်မှတ်ခြင်း၊ အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်း၊

(၆) အထူးစီးပွားရေးဇုန်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေး စသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ တာဝန်များသတ်မှတ် ပေးခြင်းနှင့်ကွပ်ကဲခြင်း။

**(ဂ) ဗဟိုလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၁) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၂) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၃) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မှတ်ချက်။ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်များအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ဃ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ဗဟိုလုပ်ငန်းအဖွဲ့သည် စီမံခန့်ခွဲရေးကော်မတီ၊ ရင်းနှီးတည်ဆောက်သူသို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စိစစ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၂) အထူးစီးပွားရေးဇုန်တွင် ဇုန်အမျိုးအစား၊ ဦးစားပေးလုပ်ငန်းများ၊ ဇုန်အလိုက်အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက်စိစစ်၍ ဗဟိုအဖွဲ့သို့တင်ပြပြီး သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(၃) နိုင်ငံတကာမှ အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသတို့ကို လေ့လာ၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၄) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာများနှင့် အခြားကိစ္စရပ်များကို စိစစ်၍ အကြံပြုတင်ပြခြင်း။

၂။　နိုင်ငံတော်သမ္မတရုံး၏ ၁၂-၈-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆၊ ၂၉-၆-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၇ နှင့် ၂၃-၄-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာ လှဝင်းမြင့် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာ အေးအေးခင် | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကျယ်ပြန့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဒ) | အမျိုးသမီးအရေးကိုဦးဆောင်နေသော<br>လူမှုရေးအဖွဲ့အစည်းများမှ (၁၅) ဦးထက်မပိုသော<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံအပါအဝင် အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလုပ်ငန်းစဉ်မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများချမှတ်ခြင်း၊

( ခ ) ချမှတ်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအမြစ်များရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

( ဂ ) ကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာအမျိုးသမီးကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) ဒေသဆိုင်ရာအမျိုးသမီးကော်မတီအဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

( င ) အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ လိုအပ်သလိုပူးပေါင်းဆောင်ရွက်ခြင်း၊

( စ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

၃။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၈) နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၁၉) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန်အတွက် **အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယစစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူး<br>တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တပ်မတော်စစ်သားစုဆောင်းရေးတပ်များ၊ တပ်ဌာနချုပ်များ၊ လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့များအနေဖြင့် တပ်သားသစ်များ စုဆောင်းရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အမိန့်/ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်စိစစ်ရန်၊

( ခ ) သတ်မှတ်ညွှန်ကြားချက်နှင့်အညီ စုဆောင်းရရှိသော တပ်သားသစ်များကို စစ်အခြေခံလေ့ကျင့်ရေးတပ်များ၏ သင်တန်းရွေးချယ်စိစစ်ရေးဘုတ်အဖွဲ့မှ လာရောက်ရွေးချယ်မှုကို ကြပ်မတ်ရန်၊

( ဂ ) မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် စစ်မှုထမ်းရန် လာရောက်စာရင်းသွင်းသော လူငယ်များထဲမှ သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသူများကို လက်ခံစာရင်းသွင်းခြင်း မပြုရန်၊

(ဃ) စနစ်တကျ ရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့်သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင်လည်းကောင်း အသက် ၁၈ နှစ် မပြည့်သူများ၊ ဆန္ဒမရှိသူများကို စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်း အပ်နှံရေးဆောင်ရွက်ရန်၊

( င ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်၊

( စ ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီ၏ လုပ်ဆောင်နေမှုများအား Media တွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ကုလသမဂ္ဂအဖွဲ့အစည်းများမှ သတ်မှတ်ထားသော ကလေးသူငယ်များနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများအား တပ်မတော်စစ်သား စုဆောင်းရေးတပ်နှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များရှိ တာဝန်ရှိသူများမှ သိရှိလိုက်နာနိုင်ရေးအတွက် အခါအားလျော်စွာ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

( ဇ ) တပ်မတော်အတွင်း သတ်မှတ်ချက်နှင့် မကိုက်ညီသော စစ်မှုထမ်းများမရှိအောင် ဆောင်ရွက်သွားရန်၊

(ဈ) အတင်းအကျပ်ခေါ်ယူစစ်မှုထမ်းဆောင်စေခြင်းမျိုး ပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်၊

(ည) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အရွယ်မရောက်သေးသည်ကို သိလျက်နှင့် တပ်သားသစ်အဖြစ်လက်ခံခြင်းကိစ္စ ပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်၊

( ဋ ) ကော်မတီ၏ဆောင်ရွက်ချက်များကို အမြဲမပြတ် မှတ်တမ်းတင်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ပြီး Policy Development ဖြစ်ရေး ဆောင်ရွက်ရန်၊

( ဌ ) ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေခြင်းတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လုပ်ဆောင်ချက်များတွင် ချို့ယွင်းအားနည်းချက်များ ရှိလာပါက သက်ဆိုင်ရာသို့ အသိပေးပြီး အချိန်မီ ပြုပြင်သွားစေရန်။

၃။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/ ၂၀၁၆) နှင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၈) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပ၊ ထ၊ န- အမှတ် ၅၅၈/၂၀(A)/ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ-၂၀၃၀/၂၆-၃-၂၀၂၁။